## သာမန်အကြားအာရုံရှိသော ကလေးတစ်ဦး ပြုလုပ်နိုင်သင့်သော အရာအချို့-

*မွေးဖွားပြီး မှ ၃လအရွယ်*

- *ရုတ်တရက် ကျယ်လောင်သော အသံကြားပါက မျက်တောင်ခတ်သည် သို့မဟုတ် ထခုန်သည်*
- *စကားပြောလျှင်တိတ်ဆိတ်စွာနေသည် သို့မဟုတ် ပြုံးနေသည်*
- *"အိုး" နှင့် "အာ" ကဲ့သို့ အသံများ ပြုလုပ်သည်*

*၃လ မှ ၆လအရွယ်*

- *အသံများအား မျက်လုံးဖြင့် ရှာဖွေသည်*
- *ဗလုံးဗထွေး စတင်ပြောသည် ("ဘာဘာ"၊ "မာမာ"၊ "ဂါဂါ")*
- *အသံများ၊ ကျယ်လောင် စူးရှသည့်အသံများ နှင့် တခစ်ခစ်ရယ်သံများ အသုံးပြုသည်*

*၆လ မှ ၉လအရွယ်*

- *ကျယ်လောင်သောအသံများဆီသို့ ခေါင်းလှည့်သည်*
- *"ဟင့်အင်း" သို့မဟုတ် "ဘိုင်-ဘိုင်" ကို နားလည်သည်*
- *ဗလုံးဗထွေးပြောသည်၊ ဥပမာ- "ဘာဘာ"၊ "မာမာ"၊ "ဂါဂါ"*

*၉လ မှ ၁၂လအရွယ်*

- *သင်ပြုလုပ်သော ရိုးရှင်းသည့် စကားလုံးများနှင့် အသံများကို လိုက်လံပြောဆိုသည်*
- *"မေမေ" သို့မဟုတ် "ဖေဖေ" ကို မှန်ကန်စွာ အသုံးပြုသည်*
- *သီချင်းဆိုခြင်း သို့မဟုတ် သံစဉ်ကို တုံ့ပြန်သည်*
- *ကြိုက်နှစ်သက်သော အရုပ်မျ ားနှင့် အရာဝတ္ထုများကို လက်ညှိုးထိုးပြသည်*



*သင့်အနေဖြင့် သင့်ကလေး၏ အကြားအာရုံ သို့မဟုတ် ထိုကဲ့သို့သော ရှေ့ပိုင်းဖြစ်ရပ်များအပေါ် မေးခွန်းများရှိလာပါက သင့်ကလေး၏ ကျန်းမာရေးစောင့်ရှောက်မှု ကျွမ်းကျင်သူနှင့် တိုင်ပင်ပါ။*

Nebraska အစောပိုင်း အကြားအာရုံ

ရှာဖွေခြင်းနှင့် ကြားဝင်ခြင်း အစီအစဉ်

၄၀၂-၄၇၁-၆၇၇၀ သို့ ခေါ်ပါ သို့မဟုတ် ၁-၈၈၈-၅၄၅-၀၉၃၅ သို့ အခမဲ့ခေါ်ပါ
http://dhhs.ne.gov/publichealth/EHDI

ပြန်လည်ဖြည့်စွက်ခြင်း 12/2016

## ကျွန်ုပ်ရဲ့ ကလေးတွင် အကြားအာရုံ ပျောက်ကွယ်ခြင်းရှိပါက ဘယ်သူကူညီနိုင်ပါသလဲ။

Nebraska ရှိ **Early Development Network (အစောပိုင်း ဖွံ့ဖြိုးမှု ကွန်ရက်) -**

**၁-၈၈၈-၈၀၆-၆၂၈၇ သို့ အခမဲ့ခေါ်ဆိုကာ ဆက်သွယ်ပါ။**

Early Development Network
ကလေးများသည် မစောင့်ဆိုင်းနိုင်ပါ

## ထပ်ဆောင်းအချက်အလက်များကို ကျွန်ုပ်မည်သည့် နေရာမှ ရရှိနိုင်ပါသလဲ။

## သင့်ကလေး၏ နောက်တစ်ကြိမ် အကြားအာရုံ စစ်ဆေးခြင်းအတွက် ရက်ချိန်း ပြုလုပ်ပြီးပါပြီ-

**သင့်ကလေးအမည်**

---

**နေ့စွဲနှင့် အချိန်**

---

**နေရာ**

---

**ဖုန်းနံပါတ်**

*အစီအစဉ်ပြောင်းရန် လိုအပ်ပါက ကျေးဇူးပြု၍ ခေါ်ဆိုပါ*

U.S. Department of Health and Human Services
HRSA
Health Resources and Services Administration

*ဤစီမံကိန်းကို U.S. Department of Health and Human Services (HHS) (အမေရိကန် ကျန်းမာရေးနှင့် လူသားဝန်ဆောင်မှုများ ဌာန) ၏ Health Resources and Services Administration (HRSA) (ကျန်းမာရေး အရင်းအမြစ်များနှင့် ဝန်ဆောင်မှုများ စီမံခန့်ခွဲရေး) မှ ခွင့်ပြုချက်အမှတ် H61MC00065 ၊ Universal Newborn Hearing Screening (ကမ္ဘာအနှံ့ မွေးကင်းစ အကြားအာရုံ စစ်ဆေးခြင်း)၊ စုစုပေါင်း ချီးမြှင့်ငွေ $ ၂၄၉,၆၇၈ ဖြင့် ထောက်ပံ့ထားသည်။ ဤအချက်အလက် သို့မဟုတ် ပါဝင်မှုများနှင့် သုံးသပ်ချက် များသည် စာရေးသူ၏ အသုံးများဖြစ်ပြီး တရားဝင် အနေအထား သို့မဟုတ် မူဝါဒအဖြစ် အဓိပ္ပာယ် မကောက်ယူသင့်ပါ။ ထို့အတူ HRSA ၊ HHS သို့မဟုတ် အမေရိကန်အစိုးရမှ ထောက်ခံချက် ပေးထားသည် ဟူ၍လည်း ကောက်ချက်မချသင့်ပါ။*

# သင့်ကလေးသည် နောက်တစ်ကြိမ် အကြားအာရုံ စစ်ဆေးရန် လိုအပ်ပါသည်။



NEBRASKA
Good Life. Great Mission.
DEPT. OF HEALTH AND HUMAN SERVICES

Burmese

## ကျွန်ုပ်၏ ကလေးသည် အဘယ်ကြောင့် နောက်တစ်ကြိမ် အကြားအာရုံ စစ်ဆေးရန် လိုအပ်ရပါသလဲ။

အချို့ကလေးများသည် နောက်တစ်ကြိမ် အကြားအာရုံ စစ်ဆေးခြင်းလိုအပ်ရခြင်းမှာ -

- ◊ နားအတွင်းရှိ အရည်
- ◊ စမ်းသပ်အခန်းအတွင်းရှိ ဆူညံသံ
- ◊ စမ်းသပ်နေစဉ် ကလေးသည် လှုပ်ရှားနေသည်
- ◊ ကလေးတွင် အကြားအာရုံ ပျောက်ကွယ်နေသည်

## နောက်တစ်ကြိမ် အကြားအာရုံ စစ်ဆေးရန် လိုအပ်သော ကလေးအများစုတွင် ပုံမှန်အကြားအာရုံ ရှိပါသည်။ အချို့တွင် အကြားအာရုံ ပျောက်ကွယ်ခြင်း ရှိနေပါလိမ့်မည်။





## တတ်နိုင်သမျှ အမြန်ဆုံး နောက်တစ်ကြိမ်အကြားအာရုံ စစ်ဆေးခြင်းသည် အဘယ်ကြောင့် အရေးကြီးပါသလဲ။

- ♦ ကလေးတွင် အကြားအာရုံ ပျောက်ကွယ်ခြင်း ရှိကြောင်း သိရှိရန် စစ်ဆေးခြင်းသည် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်။
- ♦ အကြားအာရုံ ပျောက်ကွယ်ခြင်းအား စောစော တွေ့ရှိနိုင်လေ သင့်ကလေးအတွက် ပိုကောင်းလေ ဖြစ်သည်။
- ♦ အကြားအာရုံသည် စကားပြောဆိုခြင်းနှင့် သင်ယူလေ့လာခြင်းအတွက် အရေးကြီးပါသည်။
- ♦ သင့်ကလေးတွင် အကြားအာရုံ ပျောက်ကွယ်ခြင်း ရှိပါက အကူအညီရယူနိုင်ပါသည်။ ထိုသို့ဖြစ်ခြင်းသည် သင်တစ်ယောက်တည်း မဟုတ်ပါ။

## အကြားအာရုံ ပျောက်ကွယ်ခြင်းအား စောလျင်စွာ ရှာဖွေခြင်းသည် သင့်ကလေးဘဝတွင် အပြောင်းအလဲကြီးတစ်ခု ဖြစ်နိုင်ပါသည်။

## ကျွန်ုပ်လာရောက်ပြသချိန်တွင် ဘာတွေ ပြုလုပ်မလဲ။

- ♦ လေ့ကျင့်ပေးထားသော ကျွမ်းကျင်သူသည် သင့်ကလေးအား စစ်ဆေးကာ ရလဒ်များကို သင့်အား ပြောမည် သို့မဟုတ် ထပ်ဆောင်းစစ်ဆေးမှုများ လိုအပ်ကြောင်း ပြောပါမည်။
- ♦ စစ်ဆေးခြင်းသည် ဘေးကင်းပြီး နာကျင်မှုမရှိပါ။
- ♦ ကလေးအနည်းစုသည် ပိုမိုပြည့်စုံသော အကြားအာရုံ စစ်ဆေးမှုများ လိုအပ်ပါလိမ့်မည်။ ထို့ကြောင့် သင့်ကလေးအား ပြန်လည် ခေါ်ယူလာရန် သင့်ကို တောင်းဆိုကောင်း တောင်းဆိုနိုင်ပါသည်။
- ♦ သင့်ကလေးသည် ပိုမိုစစ်ဆေးရန် လိုအပ်ပါက တတ်နိုင်သမျှ အစောဆုံး ပြုလုပ်ပါ။

## မွေးကင်းစ ကလေးသည် အကြားအာရုံ စစ်ဆေးခြင်းအား အောင်မြင်သော်လည်း အကြားအာရုံ ပျောက်ကွယ်ခြင်း ရှိနိုင်သေးပါသလား။

ရှိနိုင်ပါသည်။ အချို့ကလေးများသည် ပထမ စစ်ဆေးခြင်းအား အောင်မြင်ရန် ကောင်းစွာ ကြားနိုင်ကြပါသည်။ သို့ရာတွင် နောက်ပိုင်းတွင်
အကြားအာရုံပျောက်ကွယ်သွားရခြင်းအကြောင်းများမှာ -

- ◊ အချို့သော နာမကျန်းဖြစ်ခြင်းများ
- ◊ အချို့သော ဆေးဝါးများ
- ◊ အချို့သော ထိခိုက်ဒဏ်ရာများ
- ◊ အကြားအာရုံ ပျောက်ကွယ်ခြင်းရှိသော မိသားစုရာဇဝင်

- ♦ သင့်ကလေး ဖွံ့ဖြိုးကြီးထွားလာသည်နှင့်အမျှ အကြားအာရုံပျောက်ကွယ်ခြင်း လက္ခဏာများကို စောင့်ကြည့်ပါ။
- ♦ အနောက်ဖုံးတွင်ပါရှိသော အချက်အလက်များကို လမ်းညွှန်အဖြစ် အသုံးပြုပါ။
- ♦ သင့်အနေဖြင့် သင့်ကလေး၏ အကြားအာရုံအပေါ် မေးခွန်းများရှိလာပါက သင့်ကလေး၏ ကျန်းမာရေး ကျွမ်းကျင်သူနှင့် ပြောဆိုပါ။